## ၄။ ခေါင်ညွှန့်ထိုးပိုး

**Early Shoot Borer/Yellow top borer : *Chilo infuscatellus Suellen* (Snellen, 1890)**

**Lepidoptera: Crambidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ





လောက်ကောင်သည် ခရမ်းရင့်ရောင်အလျားလိုက်စင်းကြောင်း (၅) ခုနှင့် အတူဖြူညစ်ရောင်ရှိကာ ဦးခေါင်းမှာ ညိုရင့်ရောင် ရှိသည်။ အရွယ်ရောက်ကောင် သည်မီးခိုးညိုနုရောင်ဖလံဖြစ်ပြီး ရှေ့တောင်ပံများ၏ အနားသား တစ်လျှောက်အနီးတွင် အနက်စက် များပါသည်။ နောက်တောင်ပံများ သည် အဖြူ ရောင်ရှိသည်။

### ဖျက်ဆီးပုံ လက္ခဏာများ







)

ကြံပင် (၁–၃)လသား များ တွင် အလွယ်တကူ ဆွဲနှုတ်နိုင်သည့် အူပုပ် ခြင်းကိုတွေ့ရသည်။ လောက်ကောင်သည် ကြံပင် (၁)လသားမှ(၃)လသား အပင်ငယ်၏ အဖျားအနုဆုံးအပိုင်း၌

သေးငယ်သော အပေါက်ငယ် ဖေါက်ပြီးဖူးလိပ်ပိုင်း အခြေ ရောက်အောင် ကိုက်စားခြင်းဖြင့် ဖူးလိပ်ပိုင်း အဖြူရောင် ပြောင်းပြီး ခြောက်နေသည့် dead heart ကိုတွေ့ရမည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (**၄–၆ **)** ရက် |
| လောက်ကောင် အဆင့် | **– (**၁၈–၂၆ **)** ရက် |
| ရုပ်ဖုံး အဆင့် | **– (**၄–၆ **)** ရက် |
| အကောင်ကြီး အဆင့် | **– (** ၃–၄ **)** ရက် |

## ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

အူပုပ် (၁၅)% တွေ့ပါက စီးပွားရေးထိခိုက်နိုင်သော အဆင့်ဖြစ်သဖြင့် ကာကွယ်နှိမ်နင်းမှု့ စတင်ပြုလုပ်ပါ။

## စိုက်ပျိုးနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း

(၁) ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။

(၂)စိုက်ပြီး (၃) ရက်အကြာတွင် ကောက်ရိုးအထူ (၁၀–၁၅) စင်တီမီတာဖြင့် ဖုံးပါ။

(၃)လုံလောက်သော မြေကြီးအစိုဓါတ်နှင့် အပူချိန်သည် ခေါင်ညွှန့်ထိုးပိုးမျိုးပွားခြင်းကို အဟန့်အတား ဖြစ်စေသဖြင့်အစိုဓါတ်ထိန်းထားပါ။

(၄)စိုက်ပြီး (၄၅) ရက်အကြာတွင် မြေကြီးကို ဆွပေးခြင်းသည်လည်း ခေါင်ညွှန့်ထိုးပိုး ကျရောက်မှု့ကိုလျှော့နည်းစေသည်။

## ရူပနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း

(၁)အူပုပ်များကိုဖယ်ရှားဖျက်ဆီးပါ။

(၂)သားဆက်မပွားရေးအတွက် ကြံပင်ကြီးချိန်၌ မလိုလားအပ်သော ကြံစို့များကို ခုတ်ဖြတ်စုပုံ မီးရှို့ပါ။

(၃)ဖြူခြောက်နေသောဖူးလိပ် အားဆွဲနုတ်ပြီးနောက် ထိပ်ချွန်သော သံချောင်းငယ်ဖြင့် ဖူးလိပ် အခြေပိုင်းအထိ ထိုးဆွပါ။

(၄)မီးထောင်ချောက် ထွန်းပြီး ဖလံများကို ဖမ်းယူ ဖျက်ဆီးပါ။

(၅) တစ်ကေလျှင် ဖီရိုမုံးထောင်ချောက် (၄)ခုထောင်ပြီး ပိုးကျရောက်မှုစစ်တမ်းကောက်ယူပါ။

## ဓါတုနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း

(၁) မြေကြီး အတွင်းသို့ ဖစ်ပရိုနေး ၃ဂျီအာ(Fipronil 3GR) (သို့) ကာတတ်ဟိုက်ဒရိုကလိုရိုက် ၄ဂျီ(Cartap Hudrochloride 4G) ကို ရေသွင်းပြီးသည်နှင့်ထည့်ပါ။

(၂) အူပုတ် (၁၅)% တွေ့ရှိပါကထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုး မျိုးကို ဆေး အညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ကာတတ်ဟိုက်ဒရိုကလိုရိုက် (Cartap hydrochloride)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)